# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (November 22 - 30, 2024)

### နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် နိုဝင်ဘာ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၆ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကိုရင် ၁ ပါး၊ ဦးဇင်း ၁ ပါး၊ ကလေး ၄ ဦးနှင့် အမျိုးသမီး ၁၂ ဦး ပါဝင်ပါသည်။
- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၈ ဦး သေဆုံးခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၆ ဦး၊ စစ်ကိုင်းတိုင်းတွင် ၅ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၃ ဦးစီနှင့် ရခိုင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၂ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၉ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၅ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၇၄၇ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် နေအိမ် ၅၁၀ လုံး၊ မကွေးတိုင်းတွင် ၂၁၄ လုံး၊ မန္တလေးတိုင်းတွင် ၁၅ လုံး၊ တနင်္သာရီတိုင်းတွင် ၅ လုံးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၈ ခုတွင် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း အရပ်သားပြည်သူ ၂၂၉ ဦး ဖမ်းဆီးခံခဲ့ရသည်။ တနင်္သာရီတိုင်းတွင် ၁၀၇ ဦး၊ စစ်ကိုင်းတိုင်းတွင် ၆၀ ဦး၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၂၀ ဦးစီ၊ ပဲခူးတိုင်းတွင် ၁၅ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၄ ဦး၊ မကွေးတိုင်းတွင် ၂ ဦးနှင့် ရန်ကုန်တိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၇ ခုတွင် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၅၉ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၃၅ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၉ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၅ ကြိမ်၊ မန္တလေးတိုင်းတွင် ၄ ကြိမ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၂ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း အကြိမ် ၇၃ ဖြစ်ပွားခဲ့သည်။ ချင်းပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၁ ကြိမ်ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၁၀ ကြိမ်၊ မကွေးတိုင်းတွင် ၈ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၇ ကြိမ်၊ ကရင်နီပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၆ ကြိမ်စီ၊ ပဲခူးတိုင်းနှင့်မန္တလေးတိုင်းတို့တွင် ၄ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၃ ကြိမ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၃၈၉ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၃ ဦး ကျဆုံးခဲ့ပါသည်။

## တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

### KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- နိုဝင်ဘာ ၂၂ ရက်တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ စစ်ကောင်စီ၏ မထောအခြေစိုက် တပ်စခန်းကို KNLA တပ်မဟာ ၅ ဦးဆောင်သော ပူးပေါင်းမဟာမိတ်တပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

- နိုဝင်ဘာ ၂၈ ရက်က ကရင်ပြည်နယ်၊ မြဝတီ-ဝေါလေ ကားလမ်းပေါ်ရှိ စစ်ကောင်စီတပ်ရဲ့ ဝါးမီထ စခန်းကုန်းကို KNLA ဦးဆောင်သော တိုက်ဂါးစစ်ကြောင်းက သိမ်းပိုက်ရရှိခဲ့ပြီး စစ်သား ၁၆ ဦး လက်နက်ချခဲ့ပါသည်။

### AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- အာရက္ခတပ်တော်(AA) သည် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ တောင်ကုတ်တက္ကသိုလ်၊ အာလိမ်ငါးဆင့်ဘုရားကုန်း၊ ဖုန်ညို့ရွာ၊ စကခ (၅) တပ်မဌာနချုပ် ဂိတ်စခန်း၊ သိမ်တောင်ရပ်ကွက် ဆုတောင်းပြည့်ဘုရားကြီးကျောင်းဝင်း၊ ကြိုးကြာ ကွင်းဂိတ်၊ ကိုင်းရှည်တံတားထိပ်ရှိစခန်း၊ သီရိ ဆေးရုံ ဂုဏ်နေဒေါက်ကျင်းရှိ စခန်းနှင့် တောင်ကုတ်မြို့မရဲစခန်းတို့ကို နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ၁၇ ရက်ကြာ ထိုးစစ်ဆင်ပြီးနောက် သိမ်းပိုက်ထားနိုင်ခဲ့သည်။

### KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- နိုဝင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်ရှိ စစ်ကောင်စီတပ်နှင့် ရှမ်းနီတပ် SNA စခန်းတစ်ခုကို KIA / KPDF ပူးပေါင်းတပ်က တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီတပ်နှင့် SNA တပ်ဖွဲ့ဝင် ၁၀ ဦးကျော် ဖမ်းမိခဲ့သည်။

**နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 22-30, November 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 20 | | |
| **BAGO** | 4 | | 57 | | | | 15 | | |
| **CHIN** | 13 | 35 | 17 | 1 | | | | | |
| **KACHIN** | | 2 | | | | | | | |
| **KARENNI** | 6 | | 40 | | | | | | |
| **KAYIN** | 11 | | 19 | 1 | | | | | |
| **MAGWAY** | 8 | 2 | 106 | | | | 2 | | 214 |
| **MANDALAY** | 4 | 4 | 8 | | 1 | 7 | | | 15 |
| **MON** | 3 | | 11 | | | | 20 | | |
| **RAKHINE** | 7 | 2 | 100 | | | 1 | | | |
| **SAGAING** | 10 | 9 | 11 | | 1 | 4 | 60 | | 510 |
| **SHAN ( N )** | | 5 | | | | 3 | | | |
| **SHAN ( S )** | 1 | | | | 2 | 4 | 4 | | 3 |
| **TANINTHARYI** | 6 | | 20 | 1 | | 3 | 107 | | 5 |
| **YANGON** | | | | | | | 1 | | |
| **TOTAL** | **73** | **59** | **389** | **3** | **4** | **22** | **229** | | **747** |

## Map of Myanmar Conflict ( November 22-30, 2024 )



# တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

စစ်ကောင်စီ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးမြင့်ကြိုင်နဲ့ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး မစ္စတာ ရှီဂန်းလူတို့ ယူနန်ပြည်နယ် ကူမင်းမြို့မှာ နိုဝင်ဘာ ၂၂ ရက်က တွေ့ဆုံပြီး နယ်စပ်လုံခြုံရေးနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ကြပါတယ်။

နိုဝင်ဘာ ၂၁ ရက်က ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ (၂၅) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (ACAMM)ကို မြန်မာစစ်တပ်ရဲ့ ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ခဲ့ပါတယ်။

တအာင်းဒေသတိုက်ပွဲများအတွင်း စစ်ကောင်စီ၏ လေကြောင်းဒဏ်နှင့် စစ်ဘေးဒဏ်ကို ပြင်းထန်စွာ ခံစားနေရသည့် ဒေသခံများ၏အကျိုးကိုထောက်ရှုပြီး နယ်စပ်တည်ငြိမ်ရေးနှင့်တိုက်ပွဲရပ်စဲရေး ကြားဝင်ကြိုး ပမ်းနေသည့် တရုတ်အစိုးရ၏ ကြိုးပမ်းမှုကို လေးစားအသိအမှတ်ပြု၍ စစ်ရေးပဋိပက္ခများအဆုံးသတ်ရေး စစ်ကောင်စီနှင့်တွေ့ဆုံဆွေးနွေးရန် အသင့်ရှိသည်ဟု တအာင်းပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/ TNLA) က နိုဝင်ဘာ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ (USDP) ရဲ့ တောင်းဆိုချက်ကြောင့် လာမယ့် ၂၀၂၅ ခုနှစ် နိုဝင်ဘာမှာ ပြုလုပ်ဖို့စီစဉ်ထားတဲ့ မြန်မာနိုင်ငံက ရွေးကောက်ပွဲလုပ်ငန်းစဉ် လေ့လာဖို့ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) က စေလွှတ်မယ်လို့ ခမာတိုင်းမ် သတင်းမှာ ဖော်ပြပါတယ်။

နိုဝင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးရဲ့ အကြံပေး မစ္စတာ ဒူ့စစ်မနာပန်ဟာ စစ်ကောင်စီ နိုင်ငံခြား ရေးဝန်ကြီး ဦးသန်းဆွေနဲ့ နေပြည်တော်မှာ နယ်စပ်အရေးဆွေးနွေးထားတယ်လို့ စစ်ကောင်စီက သတင်း ထုတ်ပြန်ပါတယ်။

နိုဝင်ဘာ ၂၈ ရက်က စစ်ကောင်စီ၏ ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ရန်ကုန်ရှိ စက်မှုဇုန် ၂၉ ဇုန်နှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ် အပြင် ကုန်သွယ်ရေး၊ ခရီးသွားလာရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Khonumthung Burmese,**

**Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, DVB, BBC,**

**MeKong News, Than Lwin Times, PVTV, Myanmar Now, The Nation Voice.**